ကကြိုးအိမ်

# ကိုကို့ ကြင်ရာတော်



***အပိုင်း(၁)***

ပြတင်းပေါက်မှ ထိုးကျလာသော နေရောင်က ခန်းဆီး ကန့်လန့်ကာ ကြားကနေသူမ မျက်နှာဆီသို့ ထိုးနေလည်း ဂရုမစိုက်။ ငှက်ကလေး တွေ တကျီကျီအော်နေလည်း မနိုးသော မိန်းကလေးတစ်ဦး အိမ်မက် ကမ္ဘာထဲမှာ ဘာတွေတွေးပြီး ပြုံးနေသည် မသိ။

"ဒေါက် ... ဒေါက် ... သမီးလေး ... ကူးကူးလေးရေ ... မထသေးဘူး လား"

နံနက်တိုင်း ကြားနေကြ သူမနဲ့ မာမီ တစ်နေ့တာရဲ့ အစပါ။ ကူးကူး တစ်ယောက် အိပ်ကောင်းနေတုန်း မာတာမိခင်မာမီရဲ့ နှိုးသံကြောင့် အိ ပ်ချင်နေသော မျက်လုံးကို အတင်းဖွင့်ကာ ...

"5 minutes မာမီရေ ပြီးရင် ကူးကူးအိပ်ရာထမယ်"

အိပ်ချင်နေတာနဲ့ ပလုံးပထွေးနဲ့ မာမီ့ကိုပြန်အော်ကာ သူမပြန်အိပ် လိုက်သည် ။

"ကူးကူး အိပ်ရာထလို့ ပြောနေတယ်လေ"

ကူးကူး မာမီရဲ့ နှိုးသံကို နားထောင်လိုက်တော့ လေသံက မာ လာပြီ ဖြစ်သည် ။ သမီးလေးမဟုတ်တော့ ကူးကူး ဖြစ် လာပြီဖြစ်သည် ။ ဒါပေ မဲ့ ကိစ္စမရှိသေးပါဘူး သူမဆက်အိပ်လို့ ရပါသေးတယ်။ ဂရုမစိုက် စောင်ကိုဆွဲခြုံကာ ဆက်အိပ်နေလိုက်သည် ။

"မေစန္ဒကူး နင့်ဘာသာ အိပ်ရာကထမလား ငါလာနှိုးရမလား"

ဒေါ်ရွှေစံအိမ်တစ်ယောက် ဒေါသထွက်ထွက်နဲ့ တံခါးကိုတွန်းဖွင့်ကာ အထဲကို ဖွင့်ဝင်လိုက်တော့ ကုတင်ပေါ်မှာ ခြေကားယား လက်ကားယားနဲ့ အိပ်ပျော်နေသော သူမရဲ့ သမီးကို တွေ့လိုက်ရသည် ။

"ဟဲ့ ဟဲ့ ... မေစန္ဒကူး ထစမ်း အိပ်နေပုံကြည့်စမ်း မိန်းကလေးဖြစ်နေပြီးတော့"

"ဟာ မာမီကလည်း ... ကူးကူး အိပ်ရေးမဝသေးဘူး"

ကူးကူး မာမီရဲ့ လက်ထဲက ကြက်မွေးတံမြက်စည်းကို ကြောက်လို့သာသူမ အိပ်ရာက ထလိုက်ရသည် အိပ်ချင်စိတ်ကတော့ မပြေချေ။

"ဘယ်အိပ်ရေးဝမလဲ ညကျညည့်နက်အောင် လိုင်းသုံးနေပြီးတော့"

"ဟာ မာမီရာ မိုးမလင်းသေးဘူး ပြောဖို့ ပဲ အိပ်ရာထပြီ"

ကူးကူး တန်းပေါ်အဆင်သင့် တင်ထားသော တပါတ်ကို လှမ်းဆွဲကာ သူမရေချိုးခန်းထဲသို့ ဝင်လာခဲ့သည် ။ အပြင်က မာမီရဲ့ ပွစိပွစိပြောသံ တွေကိုတော့ သူမရေချိုးခန်း ထဲကနေတောင် ကြားနေရသည် ။

ဒေါ်ရွှေအိမ်စံ အိပ်ရာကထကာ ဝုန်းထိုင်ကျဲ ရေချိုးခန်းထဲ ဝင်သွားသော သမီးဖြစ်သူကို ကြည့်ကာ သက်ပြင်းချမိသည် ။ တစ်ဦးတည်းသောသမီးလေးမို့ အလိုလိုက်ထားသမျှ အဆိုးမလေး ဖြစ်နေသည် ။ ဘွဲ့ရပြီးတာတောင် ခုထိ ကလေးလေးလို ဆိုးနေလေသည် ။

"ကူးကူး ရေချိုးနေတာလား အကြာကြီး ချိုးမနေနဲ့ နော် "

"ဟုတ် မာမီ"

ကူးကူး ရေချိုးနေရာမှ မာမ့်ကို လှမ်းအော်ကာ ပြောလိုက်သည် ။ သူ

မ ရေချိုးပြီးတော့ ဗီရိုထဲကမိုးပြာရောင် ဒူးဖုံးဂါဝန်လေးကို ရွေးဝတ်လိုက်သည် ။

ကျောလည်လောက်ရှိတဲ့ ဆံနွယ်ရှည်တွေကို ခပ်မြင့်မြင်လေး စည်းလိုက်သည် ။ ဆံပင်ကို ခပ်မြင့်မြင့်လေး စီးထားတာမို့ အကြောလေးတွေ စိမ်းနေသော လည်တိုင်ကျော့ကျော့လေးကို မြင်နေရသည် ။

ခပ်ဖူးဖူး နှုတ်ခမ်းလေး၊ ရှည်လျားကာ ကော့ညွှတ်နေသော မျက်တောင်ရှည်တွေ၊ မည်းနက်ကာ အရည်လဲ့နေသော မျက်ဝန်းတစ်စုံနဲ့ ဘဲဥပုံ မျက်နှာရှည်ရှည်လေးက တစ်ခါမြင်လိုက်ရရုံနဲ့ အကြည့်မလွှဲမိအောင် ဖမ်းစားနိုင်သည် ။

"Morning ဒယ်ဒီရေ ... ဒုတ် ... အ"

ကူးကူး လှေကားကနေ ဆင်းလာတာနဲ့ ဒယ်ဒီ့ကို လှမ်းအော်ကာ ပြေးလာတာ အောက်ဆုံးလှေကား တစ်ထစ်ကို ချော်နင်းမိကာ လဲတော့သည် ။

"ဟဲ့ ... ဟဲ့ အော် ဘယ်လိုဖြစ်နေတာ မိစန္ဒကူး ညည်းအေ နေရာတကာ ရှပ်ပြာရှပ်ပြာနဲ့ "

"မာမီကလည်း ပြောဖို့ ပဲ"

"မပြောရအောင် ညည်း သွားပုံလာပုံလည်း ကြည့်ဦးလေ"

ဒေါ်ရွှေအိမ်စံ နေရာတကာ ရှပ်ပြာရှပ်ပြာနဲ့ သမီးဖြစ်သူကို စိတ်တိုင်းမကျချေ အမြဲတမ်း နမောနမဲ့နဲ့ ။

"ဟင့် အဲတာပဲ မာမီတို့ က ကို့သမီးလေး နာသွားလား မမေးဘူး"

ကူးကူး နာသွားသော ခြေထောက်လေး ထော့နဲ့ ထော့နဲ့ နဲ့

ဖြည်းဖြည်းလေး သွားကာ Breakfast ဝိုင်းတွင် ဝင်ထိုင်လိုက်သည် ။

"Morning သမီးလေး ဘာစားမလဲ ကော်ဖီနဲ့ မုန့်စားမလား နန်းကြီးသုပ်စားမလား"

"နန်းကြီးသုပ်ပဲ စားမယ် ဒယ်ဒီ"

ကူးကူး ဒယ်ဒီ့အမေးကို ပြန်ဖြေရင်း စားပွဲပေါ်တင်ထားတဲ့ ပုစွန်ခြောက်ဘူးကို ဖွင့်ကာ မာမီဟိုဖက် လှည့်နေတုန်း ခိုးစားနေသည် ။

"ဟဲ့ ... ဒါ ဘာလုပ်တာလဲ"

"ဟီး မာမီ"

"စားစရာရှားလို့ ပုစွန်ခြောက် ခိုးစားရတယ်လို့ အရင်က ငါ့ ပုစွန်ခြောက်တွေ လျော့လျော့နေတာ ညည်းလက်ချက်ကို"

"မာမီကလည်း ဒါလေးတောင် မသထာဘူးလား ကို့သမီးလေးကို"

ဦးမင်းမြတ်တစ်ယောက် သမီးနဲ့ မိန်းမ ရန်ပွဲကို အပြီးသတ်ရန် ဝင်ပြောရတော့သည် ။

"ကဲပါကွာ စံ ကလည်း သမီးလေး စားချင်တယ်ဆို စားပါစေ ဒါလေးနဲ့ မွဲမသွားပါဘူး"

"မွဲမသွားတာတော့ သိတာပေ့ါရှင့် ဒါက အသားလွတ် စားစရာလား ရှင့် ရှင် ကြပ်ကြပ်အလိုလိုက် ကြာရင် ထိန်းမရသိမ်းမရ ဖြစ်လိမ့်မယ် သမီး မိန်းကလေးဖြစ်ပြီးတော့ အိန္ဒြေကို မရှိဘူး နေရာတကာ ရှပ်ပြာရှပ်ပြာနဲ့ "

"အေးပါကွာ သမီးလေးက သူ့ဘာသာ ကလေးလို နေတတ်တာပါ ကွာ မင်းလည်း နေရာတကာ လိုက်ပြော မနေပါနဲ့ "

"ဘာကလေးလဲ ဘွဲ့တောင် ရပြီးနေပြီလေ"

ကူးကူးကတော့ သူ့ပြောနေတာ မဟုတ်သည့်အတိုင်း နန်းကြီးသုပ်ကို ပါးစပ်ထဲ အတင်းထိုးသွင်းကာ Breakfast ဝိုင်းက အလျှင်အမြန် ထပြေးတော့သည် ။

***

အနက်ရောင်ကားတစ်စီးက ခမ်းနားသော အဆောက်အဦးကြီးရဲ့ ရှေ့တွင် ညိမ့်ခနဲ ထိုးရပ်သွားသည် ။ The Sun group ဆိုတဲ့ ဆိုင်းပုဒ်ကြီးက အဆောက်အဦးရဲ့ ထိပ်တွင် ခမ်းနားစွာ တည်ရှိနေသည် ။ ကားမောင်းသူလည်း ဖြစ် အတွင်းရေးမှူးလည်း ဖြစ်သော ဟန်လင်း ကားပေါ်က ဆင်းကာ နောက်ဖက်က ကားတံခါးကို ဖွင့်ပေးလိုက်သည် ။

"ဟန်လင်း ကားပါကင်မှာ ကား ထားပြီးရင် ငါ့ရုံးခန်းထဲကို တန်းလာခဲ့"

ကားပေါ်ကဆင်းလာသော အမျိုးသားရဲ့ အရှိန်အဝါက တကယ်ကိုပဲ ကြီးမားလွန်းလှသည် ။ တစ်ဖက်လူကို လွှမ်းမိုးနိုင်သော အာဏာရှိသည် ။

သူကတော့ The Sun Group ရဲ့ သူဌေး တည်ကြည်မော်ကွန်းပင်။

တည်ကြည် ဟန်လင်းကို သူ့ရုံးခန်းထဲကို လာရန်ပြောကာ laptop ကိုကိုင်ကာ ရုံးခန်းဆီသို့ ခတ်လေ့ ကားကနေ တက်လာခဲ့သည် ။ အဆောက်အဦးက သုံးထပ်ဖြစ်ကာ သူ့ရုံးခန်းက အပေါ်ဆုံး အထပ်တွင် ဖြ

စ်သည် ။ ဓာတ်လှေကားဆီသွားရာ လမ်းတစ်လျှောက် တွေ့သမျှ ဝန်ထမ်းတိုင်းက သူ့ကိုဦးညွှတ် သွားကြသည် ။

"ဟူး ... ဒီနေ့တော့ ပြဿဒါးပဲကွာ ငါတော့ အရစ်ခံရတော့မယ်"

တည်ကြည် laptop ကိုကြည့်နေတုန်းပင် ညတုန်းက ဖုန်းဆက်ကာ သူ့ကိုလာကြိုရန် ဂျီကျနေသော မှော်မိန့်လက်ာဆိုတဲ့ သူ့ညီမလေး အမွှေ စိန်မကို ဒီနေ့အရေးကြီးကိစ္စ ရှိတာကြောင့် နည်းနည်းနောက်ကျမှ လာကြိုမယ် ပြောထားသောကြောင့်ပင်။

အကို တော်ဝင်မော်ကွန်းကို သွားကြိုလိုက်ပါ ပြောတော့လည်း ဒီနေ့က ဆေးရုံမှာ သူ့ဂျူတီမို့တဲ့ ။ အကို အာဏာမော်ကွန်းကလည်း သမီးလေး တေးသီဆံထိုးက နေမကောင်းချင် ဖြစ်နေတာကြောင့် မသွားနိုင်ဘူးတဲ့ ။

မှော်မိန့်လက်ာဆိုတဲ့ သူတို့ ညီမလေးကလည်း အကိုတွေမှ လာမကြိုရင် ပြဿနာရှာမှာ ကျိန်းသေသည် ။ နိုင်ငံခြားမှာ ကျောင်းသွားတက်နေပြီး တစ်နှစ်တစ်ခါ မြန်မာပြည်ကိုပြန်လာတိုင်း သူတို့ ညီအစ်ကိုတွေထဲက တစ်ယောက်လာကြိုမှ ကျေနပ်တာက သူမအကျင့်ပင် ။

"သူဌေး ကျွန်တော်ရောက်ပါပြီ"

"အေး ဟန်လင်း ဒီနေ့ Daily plan ကို ငါ့ကိုပြောပြဦး ဒီနေ့က ညီမလေးကို သွားကြိုရမှာ နောက်ကျရင် မလွယ်ဘူး"

တည်ကြည် အစီရင်ခံစာရွက်တွေနဲ့ Laptop တစ်လုံးဖြင့် အလုပ်ရှုပ်နေလေသည် ။ မြန်မြန်ပြီးအောင် လတ်စသတ်ပြီး လတ်မှတ်ထိုးစရာကိစ္စတွေကိုလည်း လတ်မှတ်ထိုးလိုက်သည် ။

ဦးလေးကေသရာဇာက သူ့ကိုလုပ်ငန်းမှန်သမျှ အကုန်လုံးလွှဲပေးခဲ့သည် ။ အကိုတော်ဝင်က သူ့ရဲ့ ဆေးကုသရေးကလွဲရင် ကျန်တာ ဂရုမစိုက်ချေ။ အစ်ကိုအာဏာကျတော့ သူ့လုပ်ငန်းနဲ့ သူဖြစ်တာမို့ ဦးလေးနေရာကို ဆက်ခံနိုင်ခြင်းမရှိချေ။

"ဟုတ် သူဌေး ဒီနေ့ ရှယ်ယာရှင် အစည်းအဝေးရှိတယ် အရေးကြီးတဲ့ ကိစ္စကတော့ ဒါပဲရှိတယ် ညနေပိုင်းကျ Sun ရဲ့ ရှယ်ယာရှင်တစ်ဦးဖြစ်တဲ့ ဦးကောင်းသာရဲ့ မွေးနေ့ပွဲ ဖိတ်ထားတာသွားရမယ်"

"အင်း ကောင်းပြီ အစည်းအဝေးက ဘယ်အချိန်လဲ"

"9နာရီခွဲဆို စမှာ ပါ သူဌေး"

တည်ကြည် နာရီကို တချက်ကြည့်လိုက်တော့ 9နာရီ ခွဲတော့မည်ဖြစ်သည် ။ အစည်းအဝေးကို ၁နာရီလောက်လုပ်ပြီး ၁၀ခွဲလောက် သူလေဆိပ်ကို သွားရင်တော့ ညီမလေး လေယာဉ်ဆိုက်ချိန်နဲ့ ကွက်တိ ဖြစ်လိမ့်မည်။

"ကောင်းပြီ ဒါဆိုအစည်းအဝေးခန်းသွားရအောင်"

မဟော် ဟန်လင်းနဲ့ အတူ အစည်းအဝေးခန်းကို ထွက်လာခဲ့သည် ။

အစည်းအဝေးက တစ်နာရီလောက်ကြာပေမဲ့ အစည်းအဝေးပြီးတော့ ရှယ်ယာရှင်တွေနဲ့ တွေ့တော့လည်း နှုတ်ဆက်နေရတာနဲ့ (၁၀)မိနစ်လောက် ကြာသွားသည် ။

"ဟန်လင်း လေဆိပ်ကိုမြန်မြန်မောင်း"

မဟော် ကားနောက်ခန်းတွင် ဝင်ထိုင်ကာ ဟန်လင်းကိုလည်း ကားကိုမြန်မြန် မောင်းခိုင်းလိုက်သည် ။ နည်းနည်းနောက်ကျတာနဲ့ စိတ်ကောက်မဲ့ မမလေးရဲ့ မျက်နှာကို မြင်ယောင်မိသည် ။

***

"မမကူးကူး မီးမီးကိုလိုက်ဖမ်း သားကိုရော လိုက်ဖမ်း"

ကစားကွင်းထဲမှာ ကလေးတစ်သိုက်နဲ့ ပြေးလွှားကာဆော့နေသော ကူးကူး။ ဒီနေ့က ကလေးတွေ ကျောင်းပိတ်ရက်မို့ ကူးကူး ရပ်ကွက်ထဲ ကလေးတွေကိုခေါ်ကာ ကစားကွင်း လိုက်ပို့ခြင်းဖြစ်သည် ။ သူမက လိုက်လည်း ပို့ရသည် ဆော့လို့ မောသွားရင် အဆာပြေစားဖို့ မုန့်နဲ့ အချိုရည်တွေကိုလည်း ထည့်ယူလာခဲ့ရသည် ။

"ကဲ ကလေးတို့ လာကြ နားကြဦး နားနေဦး အဆာပြေစားရအောင်

မမ မုန့်နဲ့ အချိုရည်ဘူးတွေ ယူလာခဲ့တယ်"

"ရေး ..."

ကလေးတွေက ကစားနေတာကိုရပ်ပြီး မုန့်ဆိုတဲ့ အသံကြားတာနဲ့ သူမရှိရာသို့ အော်ဟစ်ပြီး ခုန်ပေါက်ပြေးလာကြသည် ။

"မမကူးကူး သားတို့ မုန့်စားပြီးရင် ဘာလုပ်ကြမလဲ"

"အင်း ဟုတ်တယ် မမ ဘာကစားကြမလဲဟင်"

ကလေးတွေက မုန့်စားပြီးတော့ ပြေးလွှားပြီးတော့လည်း သူအမဆော့စေချင်တာကြောင့် ဖုန်းကိုထုတ်ကာ ခြင်းထဲက ပါဆယ်ဘူးလေးကိုပါ ယူလိုက်ပြီး ...

"မမတို့ ပါဆယ်ဂိမ်း ကစားကြမယ်ဘယ်လိုလဲ ဆော့ကြမှာ လား"

"ဆော့မယ် မမ"

"Ok စလိုက်ကြစို့"

ကူးကူး ကလေးတွေနဲ့ ပါဆယ်ဂိမ်းဆော့နေရင်း ရယ်လိုက်မောလိုက်နဲ့ ပျော်ရွှင်နေမိသည် ။ တစ်ဦးတည်းသော သမီးဖြစ်တဲ့ သူမအတွက် ဒီကလေးတွေက အဖော်တွေပင်ဖြစ်သည် ။

***

တစ်လမ်းလုံး လေဆိပ်က စထွက်ကတည်းက သူ့ကိုနောက်ကျလို့ဆိုကာ စကားမပြောသော ညီမလေးဖြစ်သူကြောင့် တည်ကြည် စိတ်အိုက်နေမိသည် ။

"ညီမလေး မှော်လေး ကိုကို့ကို စကားပြောဦးလေကွာ"

ညီမလေးကို စိတ်ရှည်လက်ရှည် ချော့နေသော သူငွေးကိုဟန်လင်းနောက်ကြည့်မှန် ကနေကြည့်ကာ ရယ်လိုက်မိသည် ။ သူတို့ သူငွေးက စကားနည်းပေမဲ့ ကြင်နာတတ်သော သူတစ်ဦးဆိုတာတော့ ဟန်လင်းသိပါသည် ။

"လာ မပြောနဲ့ ကိုကို့ကို ညီမလေး ၁၅မိနစ်လောက် စောင့်နေရတာ"

"ဟုတ်ပါတယ်ကွာ ကိုကိုလွန်သွားပါတယ် ကိုကို့အမှား ဟုတ်ပြီလား"

မှော် ကိုကို့ကိုစောင့်နေတာ (၁၅) မိနစ်လောက်ရှိမှ ရောက်လာသည် ။

ပြောလိုက်ရင် အလုပ်အလုပ်နဲ့ ကြည့်နေ မှော်ကျန်တဲ့ အစ်ကိုနှစ်

ယောက်ကိုလည်း စိတ်ကောက်ပစ်ဦးမယ် ခုလောလောဆယ်တော့ ရှိတဲ့ အစ်ကိုကိုပဲ စိတ်ကောက်ရမှာ ပဲ။

"ကဲ ညီမလေးက ဘာဖြစ်ချင်လဲ ကိုကို ဘာလုပ်ပေးရမလဲ ပြော"

"ဟီး ... ကိုကိုက အလိုက်သိလိုက်တာ ညီမလေးလေ ကိုကိုတို့ နဲ့ ငယ်ကယ်တုန်းက တူတူသွားခဲ့တဲ့ ကစားကွင်းကိုသွားချင်တာ လိုက်ပို့"

လိုချင်တာ ပူဆာစရာရှိလို့ ဒီလောက် စိတ်ကောက်နေတာမှန်း သိလို့ မေးလိုက်ခြင်းဖြစ်သည် ။ ထင်ထားတာနဲ့ ကွက်တိပင် ကစားကွင်းသွား ချင်လို့ တဲ့ ။ ဒီကောင်မလေးဟာလေ ဒီအရွယ်ရောက်နေပြီ ကစားကွင်း သွားချင်တုန်း။

"ကဲ ကိုကိုအားတဲ့ နေ့ လိုက်ပို့မယ်ဟုတ်ပြီလား"

"No ခုသွားချင်တာ ခု လိုက်ပို့"

ခုလိုက်ပို့ဆိုတာကြောင့် တည်ကြည် မျက်လုံးပြူးသွားသည် ။ ဘေး နားက ကလေးမကို ကြည့်လိုက်တော့ ခုလိုက်မပို့ရင် ထပ်စိတ်ကောက် တော့မဲ့ အရိပ်အယောင်တွေ မြင်နေရတာကြောင့် ဟန်လင်းကို Taxi နဲ့ ကုမ္ပဏီက ပြန်ခိုင်းကာ သူကိုယ်တိုင်ကားမောင်းပြီး ကစားကွင်းသို့ဦး တည် လာခဲ့သည်

***

"ကဲ မမတို့ ပြန်ကြမယ် နေ့လည်စာ စားချိန်ရောက်နေပြီ ဒီတစ်ခါ နောက်ဆုံးဆော့တာမို့ သီချင်းဆုံးတာနဲ့ ဒီဘူးကိုရတဲ့ သူက ဘူးထဲက ပ

စွည်းကိုရမယ်"

"ဟုတ်မမ ကူးကူး"

ကူးကူး သီချင်းကို ရပ်လိုက်တာနဲ့ ဘူးကိုရတဲ့ သူက ကလေးတွေထဲက ဝဝတုတ်တုတ် ကောင်လေးဖြစ်သည် ။

"ကဲ ဖွင့်ကြည့်လေ"

ကူးကူး မျက်နှာပိုးသတ်ကာ ကလေးကို ဘူးကိုဖွင့်ကြည့်ရန် တိုက်တွန်းလိုက်သည် ။ ဘူးထဲမှာ ဘာထည့်ထားလဲဆိုတာ သူမသာအသိဆုံး။

"အမလေး မေကြီးရေ မြွေကြီး"

ကူးကူးတစ်ယောက် အူတက်အောင် ရယ်လိုက်မိသည် ။ သူမ ကလေးတွေကို ချစ်သလို ခုလိုလည်း စနောက်တတ်သေးသည် ။ တဒင်္ဂ သူမ မထင်မှတ်ထားတဲ့ လုပ်ရပ်ကို ကလေးက လုပ်လိုက်သည် ။ အဲတာကတော့ ကောင်လေးက မြွေရုပ်ကို သူမတို့ ဟိုဖက်ခုံတန်းမှာ ထိုင်နေတဲ့ လူဆီကို လွှင့်ပစ်လိုက်ခြင်းဖြစ်သည် ။

ထိုလူက ဒေါသထွက်စွာနဲ့ သူမတို့ ဆီကိုခုံတန်းကနေ ထလာတာမို့ ကူးကူး လန့်သွားမိသည် ။

အပိုင်း (၂) မျှော်

***

***အပိုင်း(၂)***

သူရေခဲမုန့် သွားဝယ်ပေးမယ် စောင့်နေလို့ ပြောတာကို လက်မခံပဲ သူကိုယ်တိုင် သွားဝယ်မယ်ဆိုသော ညီမလေးကြောင့် တည်ကြည်ထိုင်ခုံလေးမှာ ထိုင်ကာ စောင့်နေခြင်းဖြစ်သည် ။ ရုတ်တရက် သူ့ပေါင်ပေါ်ကို ကျလာသောမြွေရုပ်ကြောင့် လန့်သွားမိသည် ။

မြွေရုပ်ကိုကိုင်ကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ သူထိုင်နေရာခုံနဲ့ ခပ်လှမ်းလှမ်းမှာ ကလေးတွေနဲ့ ဆော့နေပြီး သူ့ဖြစ်ပုံကိုကြည့်ကာရယ်နေသော ကောင်မလေးကို တွေ့လိုက်ရသည် ။ ရုတ်တရက်ထွက်လာသော ဒေါသနဲ့ အတူကောင်မလေး ရှိရာသို့ သူခုံမှ ထကာ လျှောက်လာခဲ့သည် ။

"ဒီမှာ မင်း မိန်းကလေးဖြစ်ပြီး အိန္ဒြေကိုမရှိဘူး ကလေးကိုမှ မြွေရုပ်ပေးပြီး စ စရာလားကွ"

"ဘာရှင့် ကူးကူးက အိန္ဒြေမရှိဘူး ဟုတ်လား မတော်တဆမြွေရုပ်လေး သူ့ဆီကို ပစ်မိတာနဲ့ အိန္ဒြေမရှိဘူး ဖြစ်ရတယ်အံ့ဩပါ လူ့စိတ်တိုကြီးရယ်"

ကူးကူး သူ့ဆီကို လျှောက်လာသော လူကြီးကို ကို့ဘက်က မှားမှန်းသိလို့ တောင်းပန်ရန် စဉ်းစားထားပေမဲ့ လူကြီးရဲ့ ရင့်ရင့်သီးသီး စကားတွေကြောင့် သူလည်း စိတ်အချဉ်ပေါက်သွားကာ ဘုတောပစ်လိုက်

သည် ။

"ဘာ မင်း ငါ့ကိုဘယ်လိုခေါ်လိုက်တာ"

"လူ့စိတ်တိုကြီးလို့ ခေါ်လိုက်တာလေ ပြီးတော့လည်း ယောကျ်ားရင့်မာကြီး ဖြစ်ပြီး မြွေရုပ်လေး မြင်တာနဲ့ ကြောက်ရတယ်လို့ ကလေးတွေက ကြောက်တာက ထားပါတော့ သူက ကျားကိုးစီးစားမကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ များ မမကူးကူး ပြောတာ ဟုတ်တယ်မလား ကလေးလို့ "

"ဟုတ်တယ် ... မမကူးကူးမှန်တယ် ဟိုဦးလေးကြီးမှားတာ"

တည်ကြည် သူ့ကို တစ်ယောက်တည်း ပြောတာအားမရလို့ ကလေးတွေကိုပါ တပ်ကူခေါ်ကာ ပြောနေသော ကောင်မလေးကို ဘာမှ ပြန်မပြောနိုင်ပဲ ဆွံ့အနေမိသည် ။ သူ့ထက် အသက်အများကြီး ငယ်တဲ့ သူလေးက သူ့ကိုပြောနေရာ ရစရာမရှိ။ လူလေးကြည့်တော့ ပုပုသေးသေးလေးနဲ့ စွာလိုက်တာ ချစ်စရာကောင်းတဲ့ ရုပ်လေးနဲ့ မှ မလိုက်မဖက်။

"မင်း ... မင်းဘက်ကလည်း မှားသေးတယ် တောင်းပန်ရမှန်း နားမလည်ဘူးလား"

"ဟွန့် ... တောင်းပန်မလို့ ပဲလေ ဘယ်သူကအရင် ဘုဘောက်ပြောတာလဲ သူများကိုများ အိန္ဒြေမရှိဘူးလေ ဘာလေနဲ့ "

ကူးကူး သူ့ကို ဘုဘောက်ပြောနေသော လူကြီးက ချောတာတော့ တော်တော်လေး ချောသည် ။ ပြောရရင် လုံးဝ gentleman ဆိုဒ် ရုပ်ရည်ရော အရုပ်ရော 100% perfect ဖြစ်သည် ။

"ထားလိုက်တော့ မင်းလိုကလေးလို ဂျပုမလေးနဲ့ ပြောရတာ ငါ့အချိန်တွေ ကုန်တယ် ကလေးတွေနဲ့ သာဆက်ဆော့ချေ ငါတော့သွားပြီ ဒီမှာ မင်းအရုပ်"

"ဂါး ... ဟိုလူကြီး စိတ်တိုကြီး ခု ရပ်စမ်း သွားနေတာကို ခုရပ်"

ကူးကူး သူ့ကိုဂျပုမလို့ ခေါ်တာကို အရမ်းမုန်းသည် ။ သူ့မှာ လေ အမေမွေးပေးခဲ့တဲ့ ရပ်ချောရပ်လှလေးမို့ ကျေးဇူးတင်ပေမဲ့ ဒီအရပ်ကိုတော့ အတော်လေးစိတ်ကုန်သည် ။ 5"2 ဆိုတဲ့ သူ့အရပ်က တခြားရွယ်တူ သူငယ်ချင်းတွေနဲ့ ယှဉ်ရင် ပုနေသည် ။ ပုနေတဲ့ သူ့အရပ်ကြောင့် ကလေးလေးလို ဖြစ်နေသည် ။

"ဘာလဲ ပြော တောင်းပန်မလို့ လား"

"ဝေးသေးတယ် ခုနက တောင်းပန်ဖို့ တွေးမိတာတောင် မှားသွားတယ် ဒီမှာ လူကို ဂျပုမလေးလို့ ခေါ်လို့ ကဲဟာ ... နောက်တစ်ခါခေါ်ရင် သေမယ်"

"အား ... မင်း လူကောင်သေးသလောက် ဂျပုမ ... "

တည်ကြည် သူရပ်ကာ နောက်ကို လှည့်လိုက်တော့ သူ့နားကပ်လာကာ ခြေထောက်ကို တက်နင်းလိုက်သော ကောင်မလေးကို ကြောင်ကြည့်နေမိသည် ။ ရုတ်တရက် ခြေထောက် တက်နင်းမယ်လို့ မထင်မိတာကြောင့် အလစ်အငိုက် မိသွားသည် ။

"နောက်တစ်ခါခေါ်ရင် ခြေထောက်ရိုက်ချိုးပစ်မယ် လာ ကလေးတို့ သွားကြမယ်"

သူ့ကိုကြိမ်းမောင်းကာ ကလေးတစ်သိုက်ကိုခေါ်ကာ ထွက်သွားသော ကောင်မလေးကို သူလိုက်ကြည့်နေမိသည် ။ ဘယ်လိုဟာလေးမှန်းမသိ စွာလိုက်တာ ဒါပေမဲ့ သူ့ကိုဂျပုမလေးလို့ ခေါ်တာတော့ အတော်လေးမုန်းပုံရသော ကောင်မလေးကြောင့် တည်ကြည် ရယ်လိုက်မိသည် ။

"ဟာ ကိုကိုဘာတွေသဘောကျပြီး ရယ်နေတာလဲ"

"အော် ဘာမှ မဟုတ်ပါဘူး သူ့ကို ဂျပုမလေးလို့ ခေါ်လိုက်လို့ စိတ်ဆိုးပြီး ကိုကို့ခြေထောက်ကို တက်နင်းသွားတဲ့ ကောင်မလေး အကြောင်း တွေးပြီးရယ်တာပါ"

"အယ် ကိုကိုသူ့ကို စိတ်မဆိုးဘူးလား ပုံမှန်ဆို ကိုကိုက ကိုကို့ကို နာအောင်လုပ်ရင် သည်းမခံတတ်ဘူးလေ"

တည်ကြည် ညီမလေး ပြောကာမှ သူ့ကိုယ်သူ သတိထားမိသည် ။ သူ့မှာ အကျင့်တစ်ခုရှိတယ် အဲတာက သူ့အသားကို နာအောင်လုပ်ရင် ဘယ်သူ့ကိုမဆို သည်းမခံတတ်ချေ။ သူသည်းခံတာ သူ့မိသားစုပြီးရင် ညီမလေးမှော်နဲ့ အစ်ကို အမွှာနှစ်ယောက်သာ ရှိသည် ။

ဒါ ပထမဆုံးအကြိမ်ပဲ သူ့ကို အသားနာအောင်လုပ်တဲ့ သူကို သည်းခံတာ။

ဒီကောင်မလေးရဲ့ ကလေးဆန်တဲ့ မျက်နှာလေးနဲ့ သူ့ညီမလေး အရွယ်ဆိုတဲ့ အသိကြောင့် နေမှာ ပါလေဟု တွေးကာ ...

"ကဲပါ ညီမလေးလာချင်တဲ့ ကစားကွင်းကိုလည်း ကိုကိုလိုက်ပို့ပေးပြီးပြီ ရေခဲမုန့်လည်း ဝယ်ကျွေးပြီးပြီ စိတ်ဆိုးလည်း ပြေပြီဆိုတော့ ပြန်ကြမယ်နော် အန်ကယ်နဲ့ အန်တီမျှော်နေလိမ့်မယ်"

"ဟုတ် ကိုကို"

တည်ကြည် ညီမလေးကိုအိမ်လိုက် ပို့ပေးကာ သူကတော့ ကုမ္ပဏီကို ပြန်လာခဲ့သည် ။ လမ်းတစ်လျှောက်လုံးလည်း ကားမောင်းနေရင်း ကလေးမလေး အကြောင်းကို တွေးကာ ရယ်နေမိသည် ။ သူ့ကိုရန်တွေ့ကာ ဆူပုတ်နေတဲ့ ပုံလေးက တကယ်ကလေးလေးလို ချစ်စဖွယ်အတိ။

***

"ဟွန့် ဘယ်လိုလူမှန်းမသိဘူး သူများကိုခေါ်တာများ နောက်တစ်ခါ တွေ့လို့ ကတော့ သိမယ်"

ကူးကူးတစ်ယောက် အိပ်ရာထဲမှာ လှဲနေရင်း မနက်ကဟိုလူကြီးကို မကျေမနပ်ဖြစ်ကာ ပွစိပွစိပြောနေမိသည် ။

"ဒေါက် ... ဒေါက် ... ကူးကူး သမီး မာမီဝင်လာမယ်နော်"

"ဟုတ် မာမီ"

ကူးကူး မာမ့်အသံကြားတာကြောင့် အိပ်နေရာမှ ထကာထိုင်လိုက်သ ည် ။

"သမီး ခုညနေ ဒယ်ဒီရဲ့ မိတ်ဆွေဦးကောင်းသာ မွေးနေ့ပွဲကို မာမီတို့ သွားမှာ သမီးလေးပါ လိုက်ခဲ့ရမယ်နော်"

"ဟာ ... မာမီကလည်း အဲလိုပွဲတွေ သမီးမသွားချင်တာ မာမီတို့ သိရဲ့ သားနဲ့ မလိုက်ချင်ပါဘူး"

ကူးကူး အဲလိုပွဲတွေသွားရတာ သူသဘောမကျချေ။ တမင်အပိုတွေ လုပ်နေတာဟု သူ မြင်သလိုလူတွေ ရှုပ်ရှုပ်ယှက်ယှက်လည်း သူမကြိုက် ချေ။သူက လွတ်လွတ်လပ်လပ် နေရတာကိုပဲ သဘောကျသည် ။

"သမီးရယ်လိုက်ခဲ့ပါ  တကယ်လို့ သမီးလိုက်ခဲ့မယ်ဆိုရင် မာမီသမီး လိုချင်တဲ့ sneaker ဝယ်ပေးမယ်လေ"

ကူးကူး sneaker ဆိုတဲ့ အသံကြားတာနဲ့ စိတ်ဝင်စားသွားသည် ။ သူ

နဲ့ မာမီ ဟိုတစ်ခါ shopping ထွက်တုန်းက တွေ့ခဲ့တဲ့ sneaker လေးကို သူ လိုချင်နေတာဖြစ်သည် ။ လှလည်း လှသလို ဈေးကလည်း များသည် ။

သူငွေးသမီးဆိုပေမဲ့လည်း မာမီက သူ့ကို မုန့်ဖိုးကို သင်တင့်သလောက် သူ့အတွက် လိုအပ်ရုံမျှသာ ပေးသည် အပိုမပေးချေ။ ဒါကြောင့် သူရသမျှ မုန့်ဖိုးလေးကိုစုကာ ဝယ်ရန် ကြိုးစားနေခြင်း ဖြစ်သည် ။ ဒါကိုသိသော မာမီက သူ့ကို Sneaker နဲ့ မဲစွယ်နေခြင်းဖြစ်သည် ။

သူက သူများ တွေလို high heel တွေစီးရတာထက် ပေါ့ပေါ့ပါးပါး Sneaker shoe လေးတွေကို သဘောကျသည် ။ ပြီးတော့ သူ့အကျင့်က Sneaker တွေကို တမင်ဝယ်ကာ စုတတ်ခြင်းဖြစ်သည် ။ သူ့မှာ ဈေးကြီးပေးဝယ်ထားပြီး ချမစီးရက်လို့ တယုတယ သိမ်းထားသည် ။

"ဟုတ် သမီးလိုက်ခဲ့မယ်လေ မာမီ"

"အင်း ဒါဆို ပြင်ဆင်စရာရှိတော့ ပြင်တော့လေ"

ကူးကူး မာမီ့ကို လိုက်မယ်ဟု ကတိပေးကာ မာမီထွက်သွားမှ ပြင်ဆင်စရာ ပြင်ဆင်ရသည် ။

***

"ဟာ မောင်တည်ကြည့်မော်ကွန်း အန်ကယ့် မွေးနေ့ပွဲကိုလာတာ တကယ် ဝမ်းသာတယ်ကွာ"
တည်ကြည်က တော်ရုံပွဲတွေကို မတက်ချေ ဟန်လင်းကိုသာ သူ့ကိုယ်စား လွှတ်တာများ သည် ။

ခုက အန်ကယ်နဲ့ ကလည်း ရင်းနှီးကာ သူ့ကျေးဇူးတွေကလည်း

တည်ကြည့်အပေါ် ရှိတာကြောင့် သူကိုယ်တိုင် လာခြင်းဖြစ်သည် ။

"ဟာ လာရမှာ ပေါ့ အန်ကယ်ရာ အန်ကယ်က Sun ရဲ့ ရှယ်ယာဝင် တစ်ဦး ဖြစ်သလို ကျွန်တော့်ကိုလည်း တူအရင်းလို ကူညီစောင့်ရှောက် ပေးခဲ့တာပဲ ဒါလေးက အန်ကယ့်အတွက် ကျွန်တော့်အမှတ်တရ လက်ဆောင်ပါ"

"ရပါတယ်ကွာ ဒါတွေမလိုပါဘူး ကဲ ထိုင်ဦး စားစရာရှိတာစား။ လိုအပ်တာရှိလည်း ပြော အန်ကယ် ဟိုဖက်က ဧည့်သည် တွေကို ဧည့်ခံလိုက်ဦးမယ်"

"ဟုတ်ကဲ့ အန်ကယ်"

တည်ကြည် မွေးနေ့ရှင် အန်ကယ်ဦးကောင်းသာနဲ့ စကားပြောပြီး တော့

စားပွဲဝိုင်းတစ်ခုတွင် တည်ခင်းထားသော အစားအသောက်ကို စားနေရင်း မွေးနေ့ပွဲကိုလာတဲ့ ဧည့်သည် တွေကို လိုက်ကြည့်နေမိသည် ။

မထင်မှတ်ထားပဲ တစ်နေရာ အရောက် သူ့အာရုံကို ဖမ်းစားထားသော အရုပ်မလေးကို ငေးကြည့်နေမိသည် ။ မိတ်ကပ်ရောင် ဂါဝန်ဒူးဖုံးလေးကိုဝတ်ထားကာ ဆံနွယ်လေးတွေကို အခွေလေးလိပ်ကာ ဖဲပြားလေးနဲ့ စုစည်းထားသော ကောင်မလေးက ဘာလီရုပ်လေးလိုချစ်စရာကောင်းသည် ။ တည်ခင်းထားသော အစားအစာတွေကို စားနေတာ ဘေးပတ်ဝန်းကျင်ကို အာရုံစိုက်မိပုံမရ။ သူ့ရဲ့ အစားကိုသာ အာရုံစိုက်ထားပုံရသည် ။ သူထိုင်နေရာမှ ထကာ အရုပ်မလေးဆီသို့ လှမ်းလာခဲ့သည် ။

"ဟိတ် ကိုတို့ ထပ်တွေ့ကြပြန်ပြီ ကို ဒီဝိုင်းမှာ ထိုင်မယ်နော်"

ကူးကူး ကတိအတိုင်း မာမီတို့ နဲ့ လိုက်လာခဲ့သည် ။ မွေးနေ့ပွဲရောက်တော့ ဒယ်ဒီနဲ့ မာမီတို့ က သူတို့ မိတ်ဆွေတွေနဲ့ စကားပြောနေတော့ သူကတော့ စားပွဲဝိုင်းတွင် တစ်ယောက်တည်း ကြောင်တောင်တောင်လေးနဲ့ ထိုင်ကာ တည်ခင်းထားသော အစားအစာတွေကို စားနေလိုက်သည် ။

ရုတ်တရက် ကူးကူးသူ့ပုခုံးလေးကို ပုတ်ကာ ပြောလာတဲ့ သူကြောင့် မော့ကြည့်လိုက်သော မနက်ကသူနဲ့ ကစားကွင်းမှာ တွေ့ခဲ့တဲ့ ဟိုလူကြီးပင်။ အခုလိုကျတော့လည်း အနောက်တိုင်းဝတ်စုံနဲ့ မနက်ကထက်ပင် ပိုသန့်ကာ ပိုခန့်နေလေသည် ။

"ဟိတ် ဘာလဲ ကိုချောလို့ ကြည့်နေတာလား"

တည်ကြည် သူ့ကို ကြောင်တောင်တောင်လေးနဲ့ ကြည့်နေသော ကောင်မလေးကို စလိုက်သည် ။ သူ စလိုက်တော့ ဟွန့်ခနဲ တချက်မဲ့ကာ သူ့စားလက်စ အစားကိုသာ ဆက်စားနေလေသည် ။

"ကို ကစတာပါကွာ ကို့ နာမည် တည်ကြည်မော်ကွန်း"

"မေးမိလို့ လား"

ကူးကူး သူ့ကို လာမိတ်ဆက်နေသော လူကြီးကို မနက်က သူ့ကိုဂျပုမလေးလို့ ခေါ်လိုက်တာကြောင့် မကျေနပ်တာမို့ ဘုဘောက်သာ ပြောပစ်လိုက်သည် ။

"အာ ... .."

တည်ကြည် ကောင်မလေးအပြောကြောင့် ရှက်သွားမိသည် ။ ပုံမှန်ဆို သူက စကားနည်းကာ တသီးတသန့် နေတတ်သော လူမျိုးဖြစ်သည် ။ ဒီကလေးမလေးနဲ့ ကျမှ သူ ဘယ်လိုဖြစ်နေပါလိမ့် ဟိုကပြောလည်း ပြောချင်စရာ။

"Sorry ပါမင်း တစ်ယောက်တည်း အေးဆေးနေပါ ကို တခြားဝိုင်း သွားထိုင်လိုက်မယ်"

"လူကြီး စိတ်ဆိုးသွားတာလား ကူးကူး နဲ့ တစ်ဝိုင်းထဲထိုင်ပါ ကူးကူး က လူကြီးကိုစတာပါ ကူးကူးနာမည်က မေစန္ဒကူးပါ"

ကူးကူး ပြောလိုက်တာကို လူကြီးရှက်သွားတာ ဖြစ်ရမည်။ သူ့အရှေ့ က လူကြီးမျက်နှာက ရဲခနဲ ဖြစ်သွားတာ တွေ့လိုက်ရသည် ။ ကူးကူး သူ ပြောတာ လွန်သွားမှန်း သိတာကြောင့် တောင်းပန်လိုက်သည် ။

"ကိုက စိတ်မဆိုးပါဘူး မင်းက တစ်ဝိုင်းထဲ မထိုင်ချင်ဘူးထင်လို့ ကို က ပြောင်းပေးမလို့ ပါ"

"ရပါတယ် မေမေတို့ က သူ့မိတ်ဆွေတွေနဲ့ စကားပြောနေတာ ကူး ကူးက တစ်ယောက်တည်း ထိုင်နေရတာ လူကြီးကို ကျေးဇူးတင်ပါ တယ် ကူးကူးနဲ့ လာထိုင်ပေးလို့ မဟုတ်ရင်ပျင်းနေမှာ ပြီးတော့ ကူးကူး က ဒီလိုပွဲတွေ မလာချင်ဘူး"

တည်ကြည် သူ့ကို ပွင့်ပွင့်လင်းလင်းနဲ့ ဒီလိုပွဲတွေ မလာချင်ကြောင်း ပြောနေသော ကောင်မလေးကို ငေးနေမိသည် ။ တခြား မိန်းကလေး တွေလို ဒီကလေးမလေးဆီမှာ မာယာတွေမရှိ။ ပကတိရိုးသားဖြူစင်တဲ့ ကောင်မလေးဖြစ်သည် ။

"ကိုရောပဲ ဒီလိုပွဲတွေ မလာချင်ဘူး မလွှဲသာလို့ သာ လာနေရတာ"

"အင်း ကူးကူးနဲ့ တူတယ် လူကြီး"

ကူးကူးနဲ့ လူကြီး ပြောလိုက်ရယ်လိုက်နဲ့ မွေးနေ့ပွဲမှ မေမေတို့ ပြန်မ ယ်ပြောမှ လူချင်းခွဲလိုက်ကြသည် ။ ကူးကူး မသိခဲ့တာက တည်ကြည် မော်ကွန်းဆိုတဲ့ သူက သူနဲ့ ပဲ ခုလိုရယ်ရယ်မောမော စကားပြောတတ်

တဲ့ သူတစ်ယောက် ဆိုတာပင်။

အပိုင်း (၃)မျှော်

***